| BRONSON<br>*9004110* | လူနာ အညွှန်းတပ်ပါ |
|---|---|
| | လူနာအမည်　　　　　　　　မွေးသက္ကရာဇ် |

ဤအချက်အလက်များအား သင့်ထံ ပေးထားသည့်အတွက်　**ဗိုက်ခွဲမွေးဖွားခြင်းနှင့်ပတ်သက်ပြီး သင့်ဘက်မှ ကြိုတင်သိရှိသဘောတူညီချက်အား ပြုလုပ်နိုင်ပါသည်။**

**ယခုခွဲစိတ်ခြင်း၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်**

- ဗိုက်ခွဲမွေးခြင်းဆိုသည်မှာ ကလေးမွေးဖွားရန် ခွဲစိတ်ခြင်းဖြစ်သည်။ သင့်ဝမ်းဗိုက်တွင် ခွဲထားသော ခွဲကြောင်းမှ တဆင့် ကလေးအား ဆွဲထုတ်ခြင်းဖြစ်သည်။
- ဗိုက်ခွဲခြင်းအား အချိန်ကြိုပြီး သို့မဟုတ် အမြန်အကြောင်းကြား၍ လုပ်ဆောင်နိုင်ပါသည်။

**အောက်ပါ အကြောင်းရင်းများကြောင့် သင့်အား ဗိုက်ခွဲမွေးရန် အကြံပြုရခြင်းဖြစ်သည်။**

ဆေးဖက်ဆိုင်ရာ အကြောင်းရင်း______________________________________________________________________

**ခွဲစိတ်ခြင်း၏ အကျိုးတရားများ:**

သင်မှ အောက်ပါအကျိုးတရားများကို ရရှိနိုင်ပါသည်။ သို့သော် သင့်ဆရာဝန်မှ ယင်းအကျိုးတရားများ ကျိန်းသေဖြစ်ထွန်းမည်ဟု အာမမခံနိုင်ပါ။ အကျိုးရှိစေရန် စွန့်စားမှုပြုသင့်မပြုသင့်ကို သင်သာ ဆုံးဖြတ်ရမည်။

- ဆေးဖက်ဆိုင်ရာအကြောင်းရင်းကြောင့်ဖြစ်သော ပြဿနာများကို ရှောင်ကြဉ်ပါ။
- နောက်ထပ် ဗိုက်ခွဲမွေးဖွားခြင်းအား ကြိုတင်စီစဉ်နိုင်ပါသည်။
- အကယ်၍ သင့်တွင် ရောဂါကူးစက်မှုရှိနေပါက ဗိုက်ခွဲမွေးခြင်းဖြင့် သင့်ကလေးထံသို့ ရောဂါကူးစက်စေမည့် အလားလာကို လျော့ကြစေပါသည်။

**ခွဲစိတ်ခြင်း၏ အန္တရာယ်အလားလာများ-**

မည်သည့်ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်မှ အန္တရာယ်အလားလာ မကင်းနိုင်ပါ။ အချို့သော အန္တရာယ်များသည် အဖြစ်များပါသည်။ သင့်ဆရာဝန်မှ မျှော်လင့်မထားသော အန္တရာယ်အလားလာများလည်း စာရင်းတွင်ပါဝင်နိုင်ပါသည်။

**ခွဲစိတ်ခြင်း၏ အထွေထွေအန္တရာယ်အလားလာများ-**

- အဆုတ်၏ နေရာအချို့ လေများဖြင့်ပြည့်ပြီး ဖောင်းလာနိုင်ပါသည်။ ယင်းမှာ ရောဂါကူးစက်မှုကို ဖြစ်စေနိုင်ပါသည်။ ယင်းအတွက် ပိုးသတ်ဆေးများနှင့် အသက်ရှူမှုဆိုင်ရာ ကုသမှုများလိုအပ်လာနိုင်ပါသည်။
- ခြေထောက်များတွင် သွေးများခဲလာနိုင်ပြီး နာကျင် ရောင်ရမ်းလာနိုင်ပါသည်။ ယင်းအခြေနေအား DVT သို့မဟုတ် သွေးပြန်ကြောပိတ်ခဲခြင်းဟု ခေါ်ပါသည်။ ရှားရှားပါးပါး သွေခဲများမှ အစိတ်အပိုင်းများပြတ်ထွက်ပြီး အဆုတ်ထဲသို့ ရောက်ရှိသွားနိုင်ပါသည်။ ယင်းသို့ဖြစ်ပါက သေနိုင်ပါသည်။
- နှလုံးတွင် ဒဏ်ဖြစ်စေနိုင်သလို ဦးနှောက်သွေးကြောပေါက်ခြင်း ဖြစ်စေနိုင်သည်။
- သွေးယိုစီးခြင်းဖြစ်စေနိုင်သည်။ သွေးထွက်လွန်ပါက သွေးသွင်းဂုန် လိုအပ်ပါသည်။
- ထုံဆေးအား ဓာတ်မတည့်မှုဖြစ်နိုင်သည်။ အဖြစ်များသော ဓာတ်မတည့်မှုမှာ မူးဝေအော့အန်ခြင်းသာ ဖြစ်သည်။  ရှားရှားပါးပါးဖြစ်ရပ်များတွင် သေစေနိုင်သည်။ ယင်းနှင့်ပတ်သက်ပြီး ထုံဆေးဆရာဝန်မှ သင်နှင့်  ဆွေးနွေးပြောဆိုပါမည်။

**ခွဲစိတ်မှု၏ ဖြစ်လာနိုင်သည့် အန္တရာယ်များ -**

- အရေပြားခွဲကြောင်းတွင် ပိုးဝင်နိုင်ခြင်း။ ယင်းအား ပိုးသတ်ဆေးဖြင့် ကုသနိုင်သည်။ ရှားရှားပါးပါး ဖြစ်ရပ်များတွင် ခွဲကြောင်းမှာ ပြန်ပွင့်သွားနိုင်ပြီး နောက်ထပ်ခွဲစိတ်မှုများ လိုအပ်နိုင်ပါသည်။
- သားအိမ်အား ပိုးဝင်စေခြင်း။ ယင်းအား ပိုးသတ်ဆေးဖြင့် ကုသနိုင်သည်။ ယင်းအား ထပ်မံခွဲစိတ်ရန်မှာ ရှားပါသော ဖြစ်ရပ်ဖြစ်ပါသည်။
- ဆီးအိမ်နှင့် မစင်အိမ် ထိခိုက်ခြင်း။ ယင်းမှာ ခွဲစိတ်ကုသမှုအား လိုအပ်စေနိုင်ပါသည်။
- ဆီးပြွန်အား ထိခိုက်စေခြင်း (ကျောက်ကပ်မှ ဆီးအိမ်သို့ ဆီးများပို့ပေးသည့် ပြွန်ငယ်)။ ယင်းမှာ ခွဲစိတ်ကုသမှုအား လိုအပ်စေနိုင်ပါသည်။
- ရံဖန်ရံခါ ဗိုက်ခွဲမွေးပြီးနောက် ထပ်မံကိုယ်ဝန်ဆောင်ပါက အချင်းသည် အမာရွတ်အဟောင်းမှ ကြီးထွားလာနိုင်ပါသည်။ ယင်းကြောင့် သွေးထွက်မှုဖြစ်စေနိုင်ပြီး လမစေ့ပဲ မွေးဖွားခြင်းကိုဖြစ်စေနိုင်ပါသည်။
- သားအိမ်ကို ခွဲနေစဉ်အတွင်း ကလေးအား ထိမိစေနိုင်သည်။ ထိုအခါ ကလေးအား ကုသပေးရန် လိုအပ်ပါလိမ့်မည်။
- အတွင်းပိုင်း အမာရွတ် တစ်သျှူးများကြောင့် ဆီးစပ်နာကျင်ခြင်း သို့မဟုတ် သန္ဓေမြုံခြင်းဖြစ်နိုင်ပါသည်။ ယင်းမှာ ရှားပါးသော ဖြစ်ရပ်ဖြစ်ပါသည်။
- ထိုအခါ သားအိမ်အား ဖယ်ထုတ်ရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။ ယင်းမှာ ရှားပါးသော ဖြစ်ရပ်ဖြစ်ပါသည်။

| BRONSON | လူနာအညွှန်းတပ်ပါ |
|---|---|
| | လူနာအမည် မွေးသက္ကရာဇ် |

**ဆေးလိပ်သောက်ခြင်းနှင့် စပ်လျဉ်းသည့် ဆက်စပ် အန္တရာယ်များ -**
ဆေးလိပ်သောက်ခြင်းသည် ရောဂါပိုးကူးစက်မှုကို မြင့်တက်စေခြင်းနှင့် ဆက်စပ်နေပါသည်။ ၎င်းမှာနလုံးနှင့် အဆုတ်ဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများနှင့် သွေးခဲဖြစ်ပေါ်မှုကို ဦးတည်နိုင်ပါသည်။

**အဝလွန်ခြင်းနှင့် ဆက်စပ်သည့် အန္တရာယ်များ**
အဝလွန်ခြင်းသည်လည်း ရောဂါပိုးကူးစက်မှုကို မြင့်တက်စေခြင်းနှင့် ဆက်စပ်နေပါသည်။ ၎င်းမှာ နလုံးနှင့် အဆုတ်ဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများနှင့် သွေးခဲဖြစ်ပေါ်မှုကို ဦးတည်နိုင်ပါသည်။

**သင့်အတွက် ဆိုင်ရာ အန္တရာယ်အလားလာများ -**

______________________________________________

______________________________________________

______________________________________________

______________________________________________

**အခြားကုသနည်းများ -**
အခြားရွေးချယ်စရာများ
- သားမွေးလမ်းကြောင်းမှ မွေးဖွားခြင်း

**သင်မှ ယင်းဗိုက်ခွဲမွေးဖွားခြင်းမပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါက -**

- သင့်ဆရာဝန်မှ သင့်ကိုယ်ဝန်ဆောင်မှုအား ဆက်လက်စောင့်ကြည့် စစ်ဆေးနေမည်ဖြစ်သည်။
- အချို့သော ကျန်းမာရေးပြဿနာများနှင့်အတူ ဗိုက်ခွဲမမွေးရန် ဆုံးဖြတ်ချက်သည် သင်နှင့် သင့်ကလေးအား ထိခိုက်စေနိုင်ပြီး အသက်အန္တရာယ်ပင် ရှိစေနိုင်သည်။ သင့်ဆရာဝန်မှ ယင်းနှင့်ပတ်သက်ပြီး သင်နှင့် ဆွေးနွေးပါလိမ့်မည်။

**အထွေထွေအချက်လက်များ**
- ယင်းလုပ်ငန်းစဉ်အတွင်း ဆရာဝန်မှ ကျွန်ုပ်သဘောတူထားသည့် လုပ်ငန်းစဉ်များထက် ပိုပြီး အခြား လုပ်ငန်းစဉ်များကိုလုပ်ဆောင်ရန်လိုအပ်ကောင်းလိုအပ်ပါမည်။
- လုပ်ငန်းစဉ်အတွင်း ဆရာဝန်မှ နောက်ထပ် စမ်းသပ်မှုများ သို့မဟုတ် ကုသမှုများကို ပြုလုပ်ရန် လိုအပ်ပါသည်။
- ကိုယ်ခန္ဓာမှ ထုတ်ယူထားသော တစ်သျှူးများ ၊ အင်္ဂါများကို စမ်းသပ်စစ်ဆေးနိုင်ပါသည်။ ၎င်းတို့အား သုတေသန သို့မဟုတ် သင်ကြားပို့ချမှုတို့အတွက်သိမ်းဆည်းထားနိုင်ပါသည်။ ဆေးရုံမှ ယင်းတို့ကို မှန်မှန်ကန်ကန် စွန့်ပစ်မည်ဟု သဘောတူထားပါသည်။
- ကျောင်းသားကျောင်းသူများနည်းပညာပိုင်းကျွမ်းကျင်သူများ နှင့် အခြားဝန်ထမ်းများလည်း လုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်အတွင်း ရှိနေနိုင်ပါသည်။ ကျွန်ုပ်၏ဆရာဝန်မှ ယင်းကိစ္စရပ်များကို ကြီးကြပ်ပါမည်။
- လုပ်ငန်းစဉ်အတွင်း ဓာတ်ပုံရိုက်ခြင်း ၊ ဗီဒီယိုရိုက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ယင်းတို့အား ဆေးဝါးကုသမှုမှတ်တမ်းသို့ ထည့်သွင်းနိုင်ပါသည်။ ယင်းတို့အား သင်ကြားမှု ရည်ရွယ်ချက်များအတွက် ပုံနှိပ်ထုတ်ဝေမည်ဖြစ်သည်။ ကျွန်ုပ်၏ ကိုယ်ပိုင်အချက်အလက် အမှတ်အသားများအား ကာကွယ်ထိမ်းသိမ်းပေးပါမည်။

| BRONSON | လူနာအညွှန်းတပ်ပါ |
|---|---|
| | လူနာအမည် မွေးသက္ကရာဇ် |

**ဤဖောင်ပုံစံအား လက်မှတ်ထိုးခြင်းဖြင့် ကျွန်ုပ်မှ သဘောတူပါသည်။**

- ကျွန်ုပ်မှ ဤဖောင်ပုံစံအား ဖတ်ရှုပြီးပါပြီ။ သို့မဟုတ် ကျွန်ုပ်နားလည်နိုင်သော ဘာသာစကားဖြင့် ယင်းဖောင်ပုံစံအား ကျွန်ုပ်ကို ရှင်းပြပေးပြီးပါပြီ။
- ယင်းတွင်ပါဝင်သည့် အကြောင်းအရာများကို ကျွန်ုပ်နားလည်ပါသည်။
- ဆရာဝန်နှင့် စကားပြောရန် ကျွန်ုပ်အချိန်ရခဲ့ပါသည်။ ကျွန်ုပ်မေးခွန်းများအား ဖြေဆိုပေးပြီးဖြစ်ပါသည်။
- ကျွန်ုပ်မှ ယင်းလုပ်ငန်းစဉ်အား ခံယူလိုပါသည်။ **ဗိုက်ခွဲမွေးဖွားခြင်း**

  ____________________________________________________________

- ခွဲစိတ်မှုအား ပြုလုပ်ရန် ကျွန်ုပ်၏ဆရာဝန်မှ ၎င်းလုပ်ဖော်ကိုင်ဖက်ဆရာဝန်အားတောင်းဆိုနိုင်သည်ကို နားလည်ပါသည်။
- ဆေးဖက်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များအပါအဝင် အခြားဆရာဝန်များ သို့မဟုတ် အခြားဆေးဝန်ထမ်းများမှ စိတ်ငြိမ်ဆေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်ကြောင်း ကျွန်ုပ် သိရှိပါသည်။ ယင်းလုပ်ငန်းစဉ်များသည် ၎င်းတို့၏ ကျွမ်းကျင်မှုအဆင့်အပေါ် မူတည်ပါသည်။ ကျွန်ုပ်၏ဆရာဝန်မှ ယင်းကိစ္စရပ်များကို ကြီးကြပ်ပါမည်။

**ဆရာဝန် -** လူနာမှ ခွဲစိတ်မှုမခံယူမီသွေးစစ်ခြင်း နစ်မျိုးကို ပြုလုပ်ရန် လိုအပ်နိုင်သည်။ ထိုသို့လိုအပ်ပါက သွေး/နမူနာ အတွက် သဘောတူညီချက်အား ရယူပါ။

လူနာ လက်မှတ်____________________________ နေ့စွဲ ____________ အချိန် ____________
တော်စပ်ပုံ ☐ လူနာ ☐ အနီးစပ်ဆုံးဆွေမျိုး(တော်စပ်ပုံ) ____________ ☐ အုပ်ထိန်းသူ

**စကားပြန်၏ ဖော်ပြချက် -** ကျွန်ုပ်မှ သဘောတူညီမှုဖောင်ပုံစံနှင့်လူနာ၊ မိဘ၊ အနီးစပ်ဆုံးဆွေမျိုး သို့မဟုတ် တရားဝင်အုပ်ထိန်းသူတို့အတွက် ဆရာဝန်ရှင်းချက်တို့ကိုဘာသာပြန်ပေးပြီးဖြစ်ပါသည်။
စကားပြန်လက်မှတ်____________________________ နေ့စွဲ____________ အချိန်____________

**ကုသပေးသူများ အသုံးပြုရန်အတွက်သာ**
ကျွန်ုပ်မှ မကုသပဲနေခြင်း၏ သဘောသဘာဝ၊ ရည်ရွယ်ရင်း၊ အန္တရာယ်များ၊ အကျိုးတရားများ၊ ဖြစ်နိုင်သည့် အကျိုးဆက်များ၊ အခြားရွေးချယ်စရာများ၊ ကြံရွယ်ပြီးကုသခြင်း၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်လာနိုင်ခြေများနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း ရှင်းပြခဲ့ပြီးဖြစ်သည်။ မေးခွန်းများကိုလည်းဖြေဆိုပေး ခဲ့ပြီးဖြစ်ကာ လူနာမှလည်း ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်အား ခံယူရန် သဘောတူပြီးဖြစ်သည်။

ဆရာဝန်လက်မှတ်____________________________ နေ့စွဲ____________ အချိန်____________

**နားလည်ထားသည်များကို ပြန်ရှင်းပြခြင်း**

လူနာမှ မိမိ၏ ကိုယ်ပိုင် စကားလုံးများဖြင့် ပြန်လည်ဖော်ပြခြင်းဖြင့် နားလည်ကြောင်းကို ပြသပါသည်။
_____ ကုသမှု/ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်အတွက် အကြောင်းရင်း(များ) ____________________________
_____ အကျိုးသက်ရောက်မှုရှိစေမည့် ကိုယ်ခန္ဓာအစိတ်အပိုင်း(များ) ____________________________
_____ ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်၏ အကျိုးတရား(များ)____________________________
_____ ဆေးဖက်ဆိုင်ရာလုပ်ငန်းစဉ်၏ အန္တရာယ်အလားအလာ(များ) ____________________________
_____ ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်၏ အခြားရွေးချယ်စရာ(များ) ____________________________
သို့မဟုတ်
_____ လူနာမှ ဆက်လက်မလုပ်ဆောင်ရန် ရွေးချယ်ခဲ့သည်: ____________________________ (လူနာလက်မှတ်)

အသိမှတ်ပြုသူ/မျက်မြင်သက်သေ____________________________နေ့စွဲ____________အချိန်____________